ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေး အစိုးရ

လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန
သတင်းလွှာ

အတွဲ ၁ • အမှတ် ၈ • ၈ မတ် ၂၀၂၂

နယ်သာလန်၊ သည်ဟိဂ်မြို့က ရိုဟင်ဂျာအရေး သတင်းစာရှင်းလင်းပွဲ

အကြမ်းဖက်စစ်အုပ်စုက လူသားချင်းစာနာမှုမဲ့စွာ နိုင့်ထက်စီးနင်း သတ်ဖြတ်၊ ဖိနှိပ်ခြင်း ခံခဲ့ရသည့် ရိုဟင်ဂျာများအရေးနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်အား ဖေဖော်ဝါရီလ ၂၁ ရက် နယ်သာလန်နိုင်ငံ၊ သည်ဟိဂ်မြို့သို့ ရောက်ရှိနေစဉ် လူ့အခွင့်အရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း ဦးဆောင်၍ ပြုလုပ်ခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် “ကျွန်တော်တို့ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ရိုဟင်ဂျာပြည်သူတွေရဲ့ အခြေအနေကို အနီးကပ်စောင့်ကြည့်နေပါတယ်။ အမျိုးသားညီညွတ်ရေးအစိုးရအနေနဲ့လည်း ၂၀၀၁ ကတည်းက ကျူးလွန်ခဲ့မှုတွေအတွက် တရားမျှတမှု ရှာဖွေမယ်၊ ကျူးလွန်သူတွေကို ICC တရားစီရင်ရေးကနေ အရေးယူဖို့ကြိုးစားမယ်ဆိုတဲ့ သဘောထားထုတ်ပြန်ချက်ကို ထုတ်ထားပြီး ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ရဲ့ ကနဦးထုတ်ပြန်ဖြစ်ဖြစ်ပါတယ်။ ဒီလောက်နဲ့ မလုံလောက်ဘူးဆိုတာ သိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျူးလွန်မှုတွေက ဆက်ဖြစ်နေသေးတာကြောင့်ပါ။ ရိုဟင်ဂျာပြည်သူတွေအပေါ် ကျူးလွန်တဲ့ ကျူးလွန်မှု အမျိုးမျိုးကို နိုင်ငံအနှံ့က ပြည်သူတွေလည်း ခံစားနေရပါတယ်။ ဒီအတွက် ကျွန်တော်တို့ ညီညီညွတ်ညွတ်နဲ့ အတူတကွ ရပ်တည်မှ ရပါမယ်” ဟု ရိုဟင်ဂျာအရေးနှင့် ပတ်သက်၍ အမျိုးသားညီညွတ်ရေးအစိုးရနှင့် ဝန်ကြီးဌာန၏ ရပ်တည်ချက်အား ထည့်သွင်း ပြောဆိုခဲ့သည်။

ပဋိပက္ခအတွင်း မူကြိုကလေးငယ်များအား အကြမ်းဖက်စစ်အုပ်စုက ဓားစာခံလုပ် ဖမ်းဆီးမှုအား ပြင်းထန်စွာ ရှုတ်ချ

ယင်းမာပင်မြို့နယ်က မူကြိုကလေးငယ် ၈၀ ဦးခန့်ကို အကြမ်းဖက်စစ်အုပ်စုက ဓားစာခံအဖြစ် ဖမ်းဆီးထားမှုအပေါ် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနနှင့် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနတို့က ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ပူးတွဲထုတ်ပြန်ချက်ထုတ်ပြန်၍ ပြင်းထန်စွာ ရှုတ်ချခဲ့သည်။ ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသော ကလေးသူငယ်များ နောက်တစ်နေ့တွင် ပြန်လည်လွတ်မြောက်လာခဲ့သော်လည်း အရပ်သား ၂၂ ဦး သတ်ဖြတ်ခံခဲ့ရပြီး နေအိမ်များနှင့် ပိုင်ဆိုင်မှုများ မီးရှို့ဖျက်ဆီးခံခဲ့ရသည်။

Asia Pacific Social Forum 2022

မြန်မာအပါအဝင် ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ဒီမိုကရေစီရေးနှင့် ပတ်သက်သော “တိုးတက်သော လှုပ်ရှားမှုများ၏ ကြုံတွေ့နေရသည့် စိန်ခေါ်မှု” - Challenges Faceing Progressive Movement Globally #2 ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ဖိုရမ်၌ အမျိုးသားညီညွတ်ရေးအစိုးရ NUG ၏လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းဦးဆောင်ပါဝင် ဆွေးနွေးပြောဆိုခဲ့သည်။ ဖေဖော်ဝါရီလ ၂၀ ရက်က ပြုလုပ်သည့် အဆိုပါ ဖိုရမ်သို့ ဘရာဇီး၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါနှင့် ကိုရီးယားနိုင်ငံမှ တက်ကြွလှုပ်ရှားသူများလည်း ဦးဆောင်ပါဝင် ဆွေးနွေးခဲ့ကြသည်။

Op-Ed

နယ်မြေရှင်းလင်းရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးများ စသည့် စကားလုံးများ သုံးနေစေကာမူ

လူ့အခွင့်အရေး ချိုးဖောက်မှုများကို မည်သို့မျှ ဖုံးကွယ်၍ မရနိုင်

စာ ၅ သို့ ▸▸

နိုင်ငံတာဝန်းရှိ ဖမ်းဆီး၊ သတ်ဖြတ်၊ ဖိနှိပ်နေမှုများ

- **ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊** သစ်တောမှတ်တိုင်အနီး၊ ဧရာဝတီဘဏ်ရုံးချုပ်နားတွင် အမျိုးသမီးများ လိုက်ပါလာသည့် အိမ်စီးကားတစ်စီးအား ည ၁၀ နာရီဝန်းကျင်ခန့်တွင် စစ်ကောင်စီတပ်များက အကြောင်းမဲ့ပစ်ခတ်သဖြင့် အမျိုးသမီးတစ်ဦး ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည်။
- **ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ရှမ်းပြည်၊ ရွာငံမြို့** နွားဘန်းကြီးရွာမှ အသက် ၂၁ နှစ်အရွယ် မောင်ဇင်မင်းခိုင်မှာ ဖေဖော်ဝါရီလ ၁၄ ရက်က တောခြံမှ ပြန်လာစဉ် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များက အနောက်မှ သေနတ်ဖြင့် အချက် ၂၀ ကျော် ပစ်ခတ်၍ သတ်ဖြတ်ခဲ့သည်။ သေနတ်ဒဏ်ရာဖြင့် သေဆုံးသွားသည့် ၎င်း၏ ရုပ်အလောင်းကို လည်း နာရေးကူညီမှုကားဖြင့် ကလောမြို့သို့ ယူဆောင်သွားကာ ရွာထဲရှိ အသက် ၁၈ နှစ်မှ ၂၀ နှစ်အရွယ်ကြား လူငယ်သုံးဦးကိုလည်း အကြောင်းမဲ့ ဖမ်းဆီးသွားသည်။
- ဗကသများအဖွဲ့ချုပ်ဝင် အမျိုးသမီးရဲဘော် တစ်ဦးမှာ မတရားဖမ်းဆီးခံခဲ့ရသည့်အပြင် စစ်ကြောရေး၌ လိင်ပိုင်းဆိုင်ရာ စော်ကားခံရသည့်အပြင် ထောင်တွင်း၌လည်း တိုတ်ပိတ်နှိပ်စက်ခံရကာ ဆေးကုသမှု တစုံတရာ မရရှိကြောင်းနှင့် အခြားဖမ်းဆီးခံ အမျိုးသမီးများမှာလည်း လိင်ပိုင်းဆိုင်ရာ စော်ကားခံရမှုများ ရှိနေသည်ဟု သိရသည်။ အမျိုးသမီး များသာမက အမျိုးသားနှစ်ဦးမှာလည်း စစ်ကြောရေး၌ လိင်ပိုင်းဆိုင်ရာစော်ကားခံရမှုများ ရှိကာ စစ်ကောင်စီတပ်များက ဖမ်းဆီးခံရသူအချို့အား စအိုဝအတွင်းသို့ ဝါးလုံးများ ထိုးထည့်၍ ပြင်းပြင်းထန်ထန် နှိပ်စက်မှုများ လုပ်ဆောင်လျက် ရှိသည်။ မန္တလေးအခြေစိုက် မြေပြင်ကင်းထောက် သတင်းရင်းမြစ် - VOM-DY အချက်အလက် အရ အသက် ၂၃ နှစ်အရွယ် ဗကသအဖွဲ့ဝင် အမျိုးသမီးမှာ စစ်ကြောရေး၌ အဓမ္မပြုကျင့်ခံထားရသည့် ဒဏ်ရာများ ရရှိထားပြီး မန်း အိုးဘိုထောင်သို့ ရောက်ရှိချိန်မှစ၍ ယခုအချိန်အထိ လနှင့်ချီ သန်းသန့်တိုက်ပိတ်ခံထားရကြောင်း သိရသည်။ စစ်ကြောရေး၌ အချိန်ကြာမြင့်စွာ စစ်ဆေးခံခဲ့ရပြီးနောက် အိုးဘိုထောင်သို့ ပြန်ရောက်လာသည့် ဖမ်းဆီးခံထားရသော နိုင်ငံရေးလှုပ်ရှားသူများ၏ ပြောဆိုချက်များအရ အမျိုးသားနှစ်ဦးမှာလည်း အဓမ္မပြုကျင့်ခံထားရကာ ၊ ပြုကျင့်ခံရစဉ် မျက်နှာအား အဝတ်စည်းထားသည့်အတွက် မည်သူမည်ဝါ လုပ်ဆောင်သည်ကိုမှ မသိခဲ့ရပေ။
- **ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်** (၃) ရပ်ကွက်တွင် စစ်အာဏာရှင်ဆန့်ကျင်ရေး သပိတ်မှောက်ဆန္ဒပြနေသည့် လူငယ်အဖွဲ့အား ဒလန်သတင်းပေးမှုကြောင့် စစ်ကောင်စီတပ်ဖွဲ့များက ဖေဖော်ဝါရီလ ၂၆၅ ရက်တွင် ဝင်ရောက်စီးနင်း ပစ်ခတ်ဖမ်းဆီးခဲ့ရာ လူငယ်တစ်ဦး သေဆုံးကာ နှစ်ဦးကျည်ထိမှန်ခဲ့ပြီး လမ်းသွားလမ်းလာ လူငယ်လေးဦးလည်း ဖမ်းဆီးခံခဲ့ရသည်။
- **ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊** (၁၃) ရပ်ကွက်၊ မိုးကောင်းလမ်းတွင် ဖေဖော်ဝါရီလ ၂၅ ရက် နံနက် ၉ နာရီခွဲခန့်က စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြနေသည့် လူငယ်များက အကြမ်းဖက်စစ်ကောင်စီ လုံခြုံရေးအဖွဲ့များက ဝင်ရောက်ဖမ်းဆီးခဲ့ရာ လူငယ်တစ်ဦး ဖမ်းဆီးခံခဲ့ရသည်။
- **မကွေးတိုင်း၊ ချောက်မြို့နယ်၊** ရွှေပုံတောင် စိမ်းလန်းစိုပြေရေးနယ်မြေ၌ စစ်အာဏာရှင်ဆန့်ကျင်ရေး Stricker ကမ်ပိန်းပြုလုပ်သည့် အသက် ၁၅ နှစ်ဝန်းကျင် လူငယ် ၂၀ ကျော်အား ဖေဖော်ဝါရီလ ၂၁ ရက် ညနေ ၅ နာရီခန့်က စစ်ကောင်စီတပ်များက ဖမ်းဆီးခဲ့ကာ စစ်ကြောရေးသို့ ပို့ဆောင်စစ်ဆေးပြီးနောက် စစ်ဆေးစဉ် အမျိုးသားလိင်အင်္ဂါအား ဆေးလိပ်မီးဖြင့် ထိုး၍ လူမဆန်စွာ နှိပ်စက်၍ စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ကမ်ပနိန်းပြုလုပ်စဉ် လူငယ်ခြောက်ဦးဖမ်းဆီးပြီးနောက် ဆက်စပ်ဖမ်းဆီးခံရခြင်းဖြစ်ကာ ဖမ်းဆီးခံရသူများတွင် အမျိုးသမီး ငါးဦးလည်း ပါဝင်သည်။
- **ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊** ဆားမလောက်အုပ်စု ညောင်ပင်သာရွာမှ လူမှုရေးလုပ်ငန်းများ၌ ပါဝင်လှုပ်ရှား သူ ကိုအောင်နိုင်ဦးအား စစ်ကောင်စီတပ်များက အင်အား ၂၀ ကျော်ဖြင့် ည ၁၁ နာရီခန့်တွင် နေအိမ်အား ဝိုင်းကာ ဖမ်းဆီးသွားပြီးနောက် ညှင်းပန်းနှိပ်စက်ခံရသည့် ဒဏ်ရာများဖြင့် ဆေးရုံတင်ကုသထားရသည်။ ၎င်းမှာ မီတာခ မဆောင်ရန် လှုံ့ဆော်သည်ဟုဆိုကာ ၎င်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး ကျော်ရွှေဦးက စစ်အုပ်စုသတင်းပေး ကျော်စွာနှင့် ဟန်ငြိမ်းဦးတို့၏ တယ်လီဂရမ်ချန်နယ်များသို့ သတင်းပို့ တိုင်ကြားခဲ့ပြီးနောက် ယခုကဲ့သို့ အင်အားသုံးဖမ်းဆီးခြင်းခံရပြီးနောက် ညှင်းပန်းနှိပ်စက်ခံခဲ့ရခြင်းဖြစ်သည်။
- **မကွေးတိုင်း၊ ပခုက္ကူခိုင်၊ ပခုက္ကူမြို့** ဧရာဝတီတံတားအနီးတွင် ဖေဖော်ဝါရီလ ၂၀ ရက် နေ့လယ် ၂ နာရီခွဲခန့်က ဆိုင်ကယ်အား အမျိုးသားနှစ်ဦး စီးသည်ဟုဆိုကာ တံတား

စစ်ဆေးရေးဂိတ်မှ အကြမ်းဖက်ကောင်စီလက်နက်ကိုင်အဖွဲ့များက သေနတ်ဖြင့် ပစ်ခတ်သည့်အတွက် ဆိုက်ကယ်ပေါ်ပါ ဦးမျိုးလှိုင် သေဆုံးသွားခဲ့သည်။ ဦးမျိုးလှိုင်မှာ မြင်းခြံမြို့နယ်၊ ဘွတ်ကုန်းကျေးရွာတွင် နေထိုင်သူဖြစ်ကာ ပစ်ခတ်မှုကြောင့် ခြေထောက်နှင့် ကျောဘက်တွင် မသေလောက်သည့် သေနတ်ဒဏ်ရာများ ရရှိခဲ့သော်လည်း စစ်တပ်ဘက်မှ ကုသမှုပေးနိုင်သည့် လူနာတင်ကား မခေါ်ဘဲ အချိန်ဆွဲထားသည့်အတွက် သွေးထွက်လွန်ကာ သေဆုံးခဲ့ခြင်းဖြစ်ပြီး ၎င်း၏ဇနီး အမျိုးသမီးနှင့် သားသမီးလေးဦး ကျန်ရစ်ခဲ့သည်။

- **ရှမ်းပြည်၊** တောင်ကြီးဆေးတက္ကသိုလ် ဒုတိယနှစ်ကျောင်းသား မောင်ကောင်းချမ်းမြေ့သျှန်နှင့် မိသားစုအားမန္တလေးတိုင်း၊ မလှိုင်မြို့နယ် နေအိမ်တွင် မိသားစုနှင့်အတူနေထိုင်စဉ် ဖေဖော်ဝါရီလ ၁၇ ရက် ညနေပိုင်းတွင် အကြမ်းဖက်စစ်ကောင်စီတပ်များက ဝင်ရောက်ဖမ်းဆီးသွားသည်။ ၎င်းနှင့်အတူ မိဘနှစ်ပါးအပါအဝင် အဒေါ်ဖြစ်သူတို့ကိုပါ တစ်ပါတည်း ဖမ်းဆီးသွားခဲ့သည်။
- **မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်၊** နန္ဒင်းတော်ဘိုးရွာမှ ရွာခံပြည်သူ ၅၀ ကျော်အား PDF များကို ထောက်ပံ့သည်ဟု ဆိုကာ အကြမ်းဖက်စစ်တပ်က ဖေဖော်ဝါရီလ ၁၆ ရက်က ဖမ်းဆီးသွားသည်။
- **ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ်** တွင်လည်း ဖေဖော်ဝါရီလ ၁၆ ရက်က PDF များအား ထောက်ပံ့သည်ဟုဆိုကာ ဒေသခံပြည်သူ ၁၇ ဦးအား စစ်တပ်က ဖမ်းဆီးသွားသည်။
- **ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊** ပုလဲရိပ်မွန်အိမ်ရာ၊ ကျောက်စိမ်းလမ်းရှိ တိုက် (၁၁)၊ အခန်း (၂၀၁) ကို အကြမ်းဖက်စစ်ကောင်စီတပ်များက ဖေဖော်ဝါရီလ ၁၆ ရက် ည ၁၀ နာရီဝန်းကျင်ခန့်က ဝင်ရောက်စီးနင်းကာ တိုက်ခန်းမျက်နှာကျက်တွင် လူရှိသည်ဟုဆိုကာ အချက် ၃၀ ခန့် သေနတ်ပစ်ဖောက် ခြိမ်းခြောက်ပြီးနောက် လူငယ် သုံးဦးကို ဖမ်းဆီးသွားသည်။
- **ဧရာဝတီတိုင်း၊ ပုသိမ်မြို့** ကွမ်းခြံလမ်းဆုံတွင် ဖေဖော်ဝါရီလ ၁၆ ရက် ည ၁၀ နာရီဝန်းကျင်ခန့်က အလုပ်မှ ပြန်လာသည့် လူငယ်နှစ်ဦးအား စစ်တပ်က ရိုက်နှက်ဖမ်းဆီးခဲ့သည်။ ယင်းလူငယ်နှစ်ဦးမှာ ပိုလန်ဂိုထောင်၌ ဖွဲ့ထမ်းသည့် အလုပ် လုပ်ဆောင်သူများ ဖြစ်ကာ မင်းကုန်းကြီးသို့ ပြန်မှာ ဖြစ်ကြောင်း ရှင်းပြခဲ့သော်လည်း အကြမ်းဖက်ရိုက်နှက်ဖမ်းဆီးခံရခြင်း ဖြစ်သည်။

စစ်ကိုင်းတိုင်းအတွင်း ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

- **ကောလင်းမြို့နယ်၊** ကျောက်ပြင်သာအုပ်စု မင်းကုန်းရွာထိပ်တောင်ကုန်းတွင် ဖေဖော်ဝါရီလ ၂၃ ရက်က အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များက အဓမ္မပြုကျင့် သတ်ဖြတ်ခံထားရသည့် အမျိုးသမီးနှစ်ဦး ရုပ်အလောင်းအပါအဝင် ရုပ်အလောင်း လေးလောင်းအား တွေ့ရှိခဲ့သည်။ အသတ်ခံရသူများမှာ မင်းကုန်းရွာနေ ဦးဆန်းမင်း (၅၀ နှစ်) ၊ ဒေါ်ခင်စော (၄၉ နှစ်)၊ မောင်စောမင်းဦး (၂၇ နှစ်) တို့ဖြစ်ပြီး ကျန်တစ်ဦးမှာ ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ CMD လုပ်ကာ တိမ်းရှောင်လာသည့် စာရေးဝန်ထမ်း မနေခြည်မင်း (၂၂) နှစ် ဖြစ်သည်။ အဓမ္မပြုကျင့်ကာ လူသတ်မှုများ ပြုလုပ်ခဲ့သော အဆိုပါ အကြမ်းဖက်စစ်ကောင်စီစစ်ကြောင်းမှာ ဖေဖော်ဝါရီ ၂၂ ရက် က ကောလင်းမြို့ ကုက္ကိုကုန်းရွာရှိ ဆေးခန်းတစ်ခုအား မီးရှို့ဖျက်ဆီးကာ ဥမင်းရွာရှိ ပြည်သူပိုင်နေအိမ်များသို့လည်း လက်နက်ကြီးဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့သည့် စစ်ကြောင်း ဖြစ်သည်။ လက်ရှိတွင် ဝင်ရောက်ဖျက်ဆီးခံရသည့် ကျေးရွာများမှ ပြည်သူ ၇,၀၀၀ ကျော်မှာ ဘေးလွတ်ရာသို့ တိမ်းရှောင်နေကြရသည်။
- **ရွှေဘိုမြို့နယ်၊** နမစားရစ်ရွာကို အကြမ်းဖက် စစ်ကောင်စီတပ်ဖွဲ့များက ဖေဖော်ဝါရီလ ၂၅ ရက်နေ့ နံနက် ၅နာရီခန့်တွင် ကျေးရွာအတွင်းသို့ လက်နက်ကြီးများ ဆက်တိုက်ပစ်ကာ ဝင်ရောက်စီးနင်း မီးရှို့ဖျက်ဆီးခဲ့ရာ ဒေသလုံခြုံရေးအတွက် ခုခံကာကွယ်နေသည့် PDF တပ်ဖွဲ့ဝင် ၁၅ ဦး ကျဆုံးခဲ့ကာ ကျေးရွာနေ ပြည်သူများလည်း သတ်ဖြတ်ခံရပြီး ရွာလုံးကျွတ်နီးပါး ပြာကျ ပျက်စီးခဲ့သည်။ အဆိုပါ စစ်ကြောင်းမှာ နမစားရစ်ရွာ အနီးရှိ ဇီးဖြူကုန်းနှင့် မြို့လုရွာများကိုလည်း ဝင်ရောက်စီးနင်းခဲ့သေးပြီး ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။
- **တန့်ဆည်မြို့နယ်၊** ချောင်းဆုံ(တောင်) ရွာတွင် ဖေဖော်ဝါရီ ၂၅ ရက်၌ အကြမ်းဖက် စစ်ကောင်စီနှင့် ပျူစောထီးများက ရွာတွင်းသို့ နံနက် ၁၂ နာရီခန့်တွင် သေနတ်ဖောက် ဝင်ရောက်ကာ ကိုနေဝင်းထွန်း ဆိုသူအား သေနတ်ဖြင့် ပစ်၍ မီးရှို့သတ်ဖြတ်ခဲ့သည်။ ထို့ပြင် ကျေးရွာအတွင်း ပြည်သူပိုင်အိမ် သုံးလုံးကိုလည်း မီးရှို့ဖျက်ဆီးပြီးနောက် ပြန်လည်ထွက်ခွာသွားကြသည်။

- **ယင်းမာပင်ခရိုင်၊ ချင်းပုန်းရွာ**သို့ ဖေဖော်ဝါရီလ ၂၈ ရက် နံနက်ပိုင်းတွင် အကြမ်းဖက်စစ်ကောင်စီ တပ်များက ဆိုင်ကယ် ၅၀ စီး၊ ကားကြီး/ကားလေး ငါးစီးခန့်ဖြင့် ဝင်ရောက်ကာ မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့ သတ်ဖြတ်ခဲ့သည့် အလောင်း ခုနစ်လောင်းကို တွေ့ရှိခဲ့ရသည်။ သေဆုံးသူများမှာ ချင်းပုန်းရွာမှာ ဦးအောင်မောင်း၊ ပန်းပထုံးကျေးရွာမှ ကိုထွန်းထွန်းနှင့် ကိုမျိုးညွန့်တို့ ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပြီး PDF ဝတ်စုံ ဝတ်ထားသူ တစ်ဦးနှင့် ကျန်သူများကို အတည်ပြုရန် ကြိုးစားနေဆဲဖြစ်သည်။ ဖေဖော်ဝါရီလ ၂၆ ရက်ကလည်း ချင်းပုန်းရွာတွင် ပြု လုပ်သည့် PDF သင်တန်းဆင်းပွဲအား အကြမ်းဖက်စစ်ကောင်စီက ရဟတ်ယာဉ်နှင့် လာရောက်ပစ်ခတ်ခဲ့သေးပြီး နေအိမ်နှစ်လုံး မီးလောင်ပျက်စီးခဲ့သည်။ ထို့ပြင် ချင်းပုန်းရွာရှိ ပြည်သူပိုင်အိမ် လေးလုံးကို မီးရှို့ကာ ကျေးရွာမူကြို ကျောင်းမှ ကလေးငယ် ၈၀ ကျော်ကိုလည်း လူသားဒိုင်းအဖြစ် ဖမ်းဆီးခဲ့သည်။
- **တန့်ဆည်မြို့နယ်၊ ကံကလေးကုန်းကျေးရွာ**သား ကိုစိုးမိုးကို အကြမ်းဖက်စစ်ကောင်စီ တပ်ဖွဲ့ဝင်များက ဖမ်းဆီးညှင်းပန်းနှိပ်စက်ကာ သတ်ဖြတ်အလောင်းဖျောက်မှု ကျူးလွန်ခဲ့သည်။ ဖေဖော်ဝါရီလ ၂၁ ရက်က ရွာထဲ၌ ဆိုင်ကယ်စီးနင်းနေစဉ် စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့် ပက်ပင်းတိုးကာ ကြိုးတုပ်ဖမ်းခံရခြင်းဖြစ်ကာ ညှင်းပန်းနှိပ်စက်ခံရပြီးနောက် ကျန်ရစ်ခဲ့သည့် ရုပ်အလောင်းအား ခရမ်းခြံရွာ အရှေ့မြောက်ဘက် ၄ ဖာလုံခန့်အကွာ ချောင်းဦးရွာ လမ်းခွဲတွင် မြေမြှုပ် အလောင်းဖျောက်ထားခဲ့ခြင်း ဖြစ်သည်။ ယင်းစစ်ကြောင်းသည် သပြေရင်း၊ ခရမ်းခြံ၊ လက်ဆည်၊ ရေရှင်ကုန်း၊ မြေခုနှင့် လယ်တီးကျေးရွာများသို့လည်း ဝင်ရောက်ခဲ့သေးကာ ဆိုင်ကယ် ၁၆ စီးခန့်အား မီးရှို့ ဖျက်ဆီးခဲ့သည့်အပြင် ပြည်သူပိုင်အိမ်များထဲမှ တန်ဖိုးရှိပစ္စည်းများကိုလည်း လုယက် ယူဆောင်သွားသည်။
- **ကလေးမြို့တောင်ပိုင်း ချောင်းခွကျေးရွာ**မှ ခွေကြိန်ရွာသို့ စစ်ဘေးရှောင်နေသည့် သားအမိသုံးဦးအား အကြမ်းဖက်စစ်ကောင်စီတပ်များက ဖေဖော်ဝါရီလ ၂၃ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးသွားပြီးနောက် ဖေဖော်ဝါရီလ ၂၄ ရက်တွင် ရွာအနီး ပဲခင်းထဲရှိ တဲအိမ်တစ်လုံးနှင့်အတူ မီးရှို့သတ်ဖြတ်ထားသည်ကို တွေ့ရှိခဲ့သည်။ မီးရှို့သတ်ဖြတ်ခံရသူများမှာ ဇနီးလျှပ် (ခ) ဒေါ်ခိုင်ခိုင်ထွေး (၄၀ နှစ်)၊ သမီးများဖြစ်သော အသက် ၁၃ နှစ်နှင့် ၁၅ နှစ်အရွယ် မငွန်ဇထန်းနှင့် မထန်းနွန်ကျုံးတို့ ဖြစ်သည်။ သေဆုံးသွားသည့် ဇနီးလျှပ်တွင် အသက် ၆ နှစ်နှင့် ၇ နှစ်အရွယ် သားယောက်ျားလေးများ ကျန်ရစ်ခဲ့သည်။ အိမ်ခြေ ၃၀၀ ခန့်ရှိ ချောင်းခွကျေးရွာမှာ စစ်ကောင်စီတပ်များ မရှိသည့်အချိန်တွင်သာ ရွာ၌ ဝင်ရောက်နေထိုင်နိုင်ပြီး သက်ကြီးရွယ်အိုများ၊ လူမမယ် ကလေးငယ်များနှင့် နာမကျန်းဖြစ်နေသူများပါ စစ်ရှောင်နေကြရသည့် ရွာတစ်ခု ဖြစ်သည်။ ထို့ပြင် စစ်ရှောင်များ ခိုလှုံနေရသည့် ချောင်းခွအနီးရှိ သံဖို၊ ရန်ကြီးအောင် စသည့် ကျေးရွာများကိုလည်း စစ်ကောင်စီတပ်များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်လေ့ရှိသည့်အတွက် ဒဏ်ရာရ၊ သေဆုံးသူများနှင့် ဖမ်းဆီးခံရသူများလည်း ရှိသည်။
- **ဒီပဲယင်းမြို့နယ်၊ ငွေးပင်ကုန်းကျေးရွာ**သို့ ဖေဖော်ဝါရီလ ၂၄ ရက်က ဝင်ရောက်လာသည့် အကြမ်းဖက်စစ်ကောင်စီတပ်များက ဒေသခံပြည်သူ ၁၅ ဦးအား အကြောင်းမဲ့ ဖမ်းဆီးပြီးနောက် သုံးဦးအား လမ်းပြအဖြစ် ခေါ်ဆောင်သွားကာ ၎င်းထဲမှ တစ်ဦးကို သတ်ဖြတ်ပစ်ခဲ့သည်။ အဆိုပါ စစ်ကြောင်းမှာ ဒီပဲယင်းမြို့နယ် စိုင်းပြင်မြို့မှ လာရောက်ခြင်းဖြစ်ကာ အင်အား ၃၀ ခန့် ရှိပြီး ငွေးပင်ကုန်းကျေးရွာတွင်းရှိ နေအိမ်အချို့ကို ဖျက်ဆီးကာ စပါးအိတ်နှင့် ဆိုင်ကယ်များကိုလည်း မီးရှို့ဖျက်သွားခဲ့သည်။
- **ဒီပဲယင်းမြို့နယ်၊ ကြခတ်ကျေးရွာ**အား ဖေဖော်ဝါရီလ ၂၁ ရက် နံနက်ပိုင်းက အကြမ်းဖက်စစ်ကောင်စီတပ်များ ဝင်ရောက်စီးနင်းကာ ပြည်သူပိုင်ပစ္စည်းနှင့် နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည်။ အဆိုပါ စစ်ကောင်စီစစ်ကြောင်းမှာ စိုင်းပြင်ကျေးရွာမှ ထွက်ခွာလာစဉ် မိုင်းဆွဲတိုက်ခိုက်ခံရပြီးနောက် ကြခတ်ရွာသို့ ဝင်ရောက်ကာ မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ပြီး လက်နက်ကြီး/ငယ် ပစ်ခတ်သံများလည်း ဖြစ်ပေါ်ခဲ့သည်။
- **ကနီမြို့နယ်၊ အိုင်တောင်အနောက်ရွာ**အား ဖေဖော်ဝါရီလ ၂၀ ရက်က အကြမ်းဖက်စစ်ကောင်စီတပ်များ ဝင်ရောက်စီးနင်းခဲ့ကာ ပြည်သူတစ်ဦး မီးရှို့သတ်ဖြတ်ခံရကာ နေအိမ် ၁၂ လုံးနှင့် လယ်ယာလုပ်ငန်းသုံး တဲများလည်း မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ သေဆုံးခဲ့သည့် ပြည်သူတစ်ဦးကို မီးလောင်နေသည့် နေအိမ်တစ်ခုအတွင်း တွေ့ရှိခဲ့ရခြင်းဖြစ်ပြီး မည်သူမည်ဝါ ဖြစ်သည်ကို အတည်မပြုနိုင်သေးပေ။
- **ယင်းမာပင်မြို့နယ်၊ ချင်းပုန်းနှင့် ညောင်ကိုင်းရွာ**များအား ဖေဖော်ဝါရီလ ၂၆ ရက် နံနက် ၉ နာရီခန့်တွင် အကြမ်းဖက်စစ်ကောင်စီတပ်များက ရဟတ်ယာဉ်နှစ်စီးဖြင့် ပစ်ခတ်တိုက်ခိုက်ကာ ချင်းပုန်းကျေးရွာ မူကြိုကျောင်းမှ ကလေး ၈၀ ကျော်ကိုလည်း ဖမ်းဆီးထားကာ ရွာကိုလည်း မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။ အဆိုပါ မူကြိုကျောင်းမှာ ချင်းပုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားခြင်းဖြစ်ကာ မူကြိုကျောင်းရှိ ဆရာမများကိုပါ ဖမ်းဆီးထားခဲ့သည်။ စစ်ကောင်စီတပ်များမှာ ရွာအတွင်းသို့ ဝင်ရောက်စဉ် နေအိမ်အချို့ကိုလည်း မီးရှို့ဖျက်ဆီးသွားခဲ့သည်။
- **တန့်ဆည်မြို့ ရွာရှည် (မ) ကျေးရွာ**အား အကြမ်းဖက်စစ်ကောင်စီတပ်များက ဖေဖော်ဝါရီလ ၁၄ ရက်တွင် ဝင်ရောက်စီးနင်းပြီးနောက် ကိုညွန့်ဝင်းမောင် အပါအဝင် ထန်းပင်ဆိပ်ကျေးရွာမှ ပြည်သူသုံးဦး၊ စုစုပေါင်းလေးဦးအား အကြောင်းမဲ့ပစ်သတ်ကာ လယ်ကွင်းထဲ၌ မြေမြှုပ် အလောင်းဖျောက်ခဲ့ကြသည်။ စစ်ကောင်စီတပ်များမှာ ကျေးရွာ တွင်းရှိ ပြည်သူပိုင်အိမ်များကိုလည်း မီးရှို့ဖျက်ဆီးကာ ဒေသခံနှစ်ဦးကိုလည်း လမ်းပြအဖြစ် အတင်းအဓမ္မ ဖမ်းဆီး ခေါ်ဆောင်သွားသည်။ ဖေဖော်ဝါရီလ ၁၅ ရက်တွင်းလည်း ရွာရှည် (မ) ကျေးရွာအား စစ်ကောင်စီတပ်များက မီးရှို့ဖျက်ဆီးမှုများ ဆက်လက်လုပ်ဆောင်ခဲ့သည်။

Op-Ed

နယ်မြေရှင်းလင်းရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးများ စသည့် စကားလုံးများ သုံးနေစေကာမူ

လူ့အခွင့်အရေး ချိုးဖောက်မှုများကို မည်သို့မျှ ဖုံးကွယ်၍ မရနိုင်

မြန်မာနိုင်ငံသည် ဂျနီဗာကွန်ဗင်းရှင်း လေးခုစလုံးကို ၁၉၄၉ ခုနှစ်တွင် အသိအမှတ်ပြုခဲ့သည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လက်ထက် ၁၉၉၂ခုနှစ် ဩဂုတ် ၂၅တွင် ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာပါ့မည်ဟု ဝန်ခံကတိပြု (ratifying the convention) လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ဂျီနီဗာကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့သည်မှာ နှစ် ၃၀ ပြည့်မည် ဖြစ်သည်။ ဂျီနီဗာကွန်ဗင်းရှင်း လက်မှတ်ရေးထိုးခဲ့သည်မှာ နှစ်ပေါင်း ၃၀ ရှိခဲ့သော်လည်း စစ်တပ်သည် ဂျီနီဗာ ကွန်ဗင်းရှင်းအပြင် မရေမတွက်နိုင်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ခဲ့၊ ကျူးလွန်ဆဲဖြစ်သည်။ အာဏာသိမ်းမှု မတိုင်ခင်တွင် ၂၀၁၇ ခုနှစ်တွင် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် အဖြစ်အပျက်များ၊ ရခိုင်မြောက်ပိုင်းတွင် ကာလရှည်ကြာ အင်တာနက် ဖြတ်တောက်ကာ အမှေ့အနှစ်များရှိသည့် ဝန်းကျင်များတွင် လက်နက်ကြီး အသုံးပြုမှုများသည် မဝေးသေးသည့် အတိတ်ဆိုးများဖြစ်သည်။

ဒီနေ့အချိန်မှာတော့ မြန်မာပြည်သူတွေဟာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်တို့အတွက် ရှန်းကန် တိုက်ပွဲဝင်နေရဆဲဖြစ်ပြီး စစ်အာဏာရှင်စနစ်အောက် တကျော့ပြန်ရောက်ခဲ့သည်မှာ တစ်နှစ်ရှိခဲ့ပြီဖြစ်သည်။ အာဏာဖီဆန်ရေး လှုပ်ရှားမှုများတွင် ပါဝင်သူများနှင့် မိသားစုဝင်များအား ဖမ်းဆီး အရေးယူခြင်းများ၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများကို ကျည်အစစ်များ၊ မော်တာများ အသုံးပြုပြီး ဖြိုခွင်းခဲ့ခြင်းများ ပြုလုပ်ခဲ့ပြီးသည့်နောက် လက်နက်ကိုင်ကာ စတင်ခုခံတော်လှန်ကြချိန်တွင် လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်တိုက်ဖျက်ရေးတာဝန်ထမ်းဆောင်ရာတွင် လိုက်နာ ကျင့်သုံးရမည့်ဥပဒေသ(Rule Of Engagement-ROE) များကို ချိုးဖောက်မှုများ ရှိခဲ့၊ ရှိနေဆဲဖြစ်သည်။ တုံ့ပြန်မှုနှင့်သာ ခုခံကာကွယ်နေသူများကို စစ်ကြောင်းများ ထိုးခြင်း၊ လေကြောင်းမှ တိုက်ခိုက်ခြင်းများသည် အင်အားအချိုးမညီစွာ သုံးစွဲခဲ့ (Use of excessive force) သည့် ပကတိ ဖြစ်စဉ်များ ဖြစ်သည်။

ဂျီနီဗာ ကွန်ဗင်းရှင်းလေးခု၏ အထွေထွေ/ အခြေခံ ပြဋ္ဌာန်းချက်များထဲတွင် တူညီသည့် အပိုဒ်တစ်ခု ပါဝင်သည်။ ယင်းမှာ အပိုဒ်(၃) ဖြစ်သည်။ အပိုဒ် (၃) သည် လက်မှတ်ထိုးထားသည့် နိုင်ငံများအားလုံးသည် နိုင်ငံများအကြား ဖြစ်ပွားသည့် စစ်ပွဲဖြစ်စေ၊ အစိုးရ၏ လက်နက်ကိုင်တပ်နှင့် အစိုးရမဟုတ်သည့် လက်နက်ကိုင် တပ်များအကြား ဖြစ်ပွားသည့် ပြည်တွင်းစစ်ဖြစ်စေ လိုက်နာရမည့် ကျင့်ဝတ် စည်းကမ်းများကို ဖော်ပြထားသည်။

အပိုဒ် (၃) သည် လက်နက်ကိုင် ပဋိပက္ခအတွင်း တိုက်ရိုက်ပါဝင်ပတ်သက်နေသူများသာမက အရပ်သားများ၏ (၁) အသက်နှင့် ခန္ဓာကို အကြမ်းဖက်ခြင်း၊ (၂) ဓားစာခံလုပ်ခြင်း၊ (၃) လူ့ဂုဏ်သိက္ခာနှင့်အညီ မဆက်ဆံဘဲ ခွဲခြားခြင်း၊ အရှက်ရစေခြင်းများ ပြုလုပ်ခြင်း၊ (၄) မတရားသဖြင့် စီရင်ချက်များ ချမှတ်ခြင်းများကို တားမြစ်ထားသည်။

သို့သော်လည်း မင်းအောင်လှိုင်၏ စစ်တပ်သည် အကြမ်းဖက်မှုများကို ကြောက်မက်ဖွယ်ကောင်းသည့် ကိန်းဂဏန်းအဖြစ် ပြောင်းလဲပစ်ရန် ဆုံးဖြတ်ထားပုံရသည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအထိ စစ်တပ်သည် ကျေးရွာများအတွင်း ဝင်ရောက်စီးနင်းခြင်း၊ မီးရှို့ခြင်း၊ အရပ်သားများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း များကို ဆက်လက်ကျူးလွန်နေသည်။ အထူးသဖြင့် လက်နက်ကိုင် ခုခံတော်လှန်ရေး အရှိန်မြင့်နေသော ဒေသများဖြစ်သည့် ချင်း၊ စစ်ကိုင်း၊ မကွေးနှင့် ကရင်နီဒေသများတွင် ဆက်တိုက်ဆိုသကဲ့သို့ လူမဆန် ရက်စက်မှုများစွာကို ကျူးလွန်နေသည်။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ တိုးတက်လာခြင်းနှင့်အတူ လူထု၏ အချိန်နှင့် တပြေးညီ မှတ်တမ်းယူရမည်ဟူသော အသိမြင့်မားလာခြင်းတို့ကြောင့် လူ့အခွင့်အရေးအတွက် လုပ်ဆောင်နေကြသည့် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများသည် မှတ်တမ်းများကို အချိန်နှင့် တပြေးညီ ဖော်ပြလာနိုင်ပြီဖြစ်သည်။ သက်သေ အခိုင်အမာ ရှိနေသော်လည်း စစ်တပ်သည် နည်းဟောင်းများသုံးပြီး ပြောင်လိမ်ပြောင်စား လုပ်နေမြဲဖြစ်သည်။ စစ်တပ်သည် ၎င်းတို့၏ မကောင်းဆိုးဝါးသဏ္ဌာန်ကို "နယ်မြေရှင်းလင်းရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး" စသည့် စကားလုံးများဖြင့် ကြိုးစား ဖုံးကွယ်မြဲ ဖြစ်သည်။ "အကြမ်းဖက်

နယ်မြေရှင်းလင်းရေး လုပ်ဆောင်ရသည် ဟူသော စကားလုံးသည် စစ်တပ်၏ ဝါဒဖြန့်ချိရေး စာစောင်များ နှင့် ရုပ်မြင်သံကြားများတွင် ထပ်တလဲလဲ သုံးသည့် စကားလုံးတစ်ခု ဖြစ်သည်

သောင်းကျန်းသူများကြောင့် နယ်မြေရှင်းလင်းရေး လုပ်ဆောင်ရသည်" ဟူသော စကားလုံးသည် စစ်တပ်၏ ဝါဒဖြန့်ချိရေး စာစောင်များနှင့် ရုပ်မြင်သံကြားများတွင် ထပ်တလဲလဲ သုံးသည့် စကားလုံးတစ်ခု ဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေတွင် အကြမ်းဖက်မှု (act of terrorism) ကို အမျိုးအစား (၁၈) မျိုးဖြင့် ဖွင့်ဆိုထားသည်။ အဆိုပါ မတရား ဥပဒေအရ အစိုးရနှင့် စစ်တပ်ကို ငွေကြေးဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအားဖြင့် ဆန့်ကျင်သည့် မည်သည့် အပြုအမူကို မဆို အကြမ်းဖက်မှု မြောက်သည်ဟု အကြမ်းဖျင်းဆိုနိုင်ပေသည်။

လက်နက်ကိုင်သည်ဖြစ်စေ၊ မကိုင်သည်ဖြစ်စေ အစိုးရ/ စစ်တပ် ဆန့်ကျင်သူ မှန်သမျှကို မြန်မာဘာသာစကားဖြင့် သောင်းကျန်းသူ (အင်္ဂလိပ်ဘာသာဖြင့် terrorist) ဟု ခေါ်ဝေါ်လေ့ရှိသည်။ လွန်ခဲ့သော ဆယ်စုနှစ်များတွင် တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများကို သောင်းကျန်းသူဟု သုံးစွဲခဲ့သည် မဟုတ်လား။ ဒီနေ့အချိန်မှာတော့ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဒီမိုကရေစီ လိုလားသူ၊ စစ်အာဏာရှင်စနစ် ဆန့်ကျင်သူ မှန်သမျှသည် သောင်းကျန်းသူအဖြစ် တံဆိပ်ကပ်လျက် ရှိသည်။

တစ်ဦးတစ်ယောက်၊ အစုအဖွဲ့ တစ်ခုကို သောင်းကျန်းသူအဖြစ် သတ်မှတ်လိုက်ပါက မတရားဥပဒေသည် ယင်းတို့နှင့် ဆက်စပ်သူ မှန်သမျှကို အစစ်အဆေး၊ အမေးအမြန်း မရှိ ဖမ်းဆီး အရေးယူခွင့် ပြုထားသည်။ ထိုသို့ ခွင့်ပြုထားခြင်းသည် အမျိုးသမီး၊ ကလေးသူငယ်၊ မသန်စွမ်း နှင့် သက်ကြီးရွယ်အိုများကိုပါ ချမ်းသာမပေးပေ။ ကျေးရွာများကို စီးနင်းရာတွင် အဆိုပါ ထိခိုက်လွယ်သည့် အုပ်စုများကို လူသားဒိုင်းအဖြစ် အသုံးပြုခြင်းမျိုးလည်း ရှိသကဲ့သို့ နှိပ်စက်ကာ သတ်ဖြတ်ခြင်းမျိုးလည်း ရှိသည်။ အချို့သော ဖြစ်စဉ်များတွင် အရှင်လတ်လတ် မီးရှို့သတ်ခြင်းများလည်း ရှိသည်။

မြန်မာနိုင်ငံဟာ CEDAW, CRC, CPWD အစရှိသည့် လူ့အခွင့်အရေးဆိုင်ရာ ပဋိညာဉ်များကို လိုက်နာပါမည်ဟု ကတိပြုလက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့သော်လည်း စစ်အုပ်စု ထိန်းချုပ်ထားသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝဘ်ဆိုဒ်များတွင် အဆိုပါ ထိခိုက်လွယ်သည့် အုပ်စုများ၏ အခွင့်အရေး၊ ရပိုင်ခွင့်များအတွက် အစည်းအဝေးများ ပြုလုပ်ထားသည်ကို တွေ့ရှိရမည်။ သို့သော်လည်း အစည်းအဝေးသည် ပြောရုံသာ ဖြစ်ပြီး အကာအကွယ်ပေးဖို့နေနေသာသာ မျိုးစုံသော လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်မြဲသာ ဖြစ်သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်များတွင် လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ပြောဆိုကြသည့်အခါ စစ်တပ်အနေဖြင့် သူတို့၏ သရဲတဘက်စီးသည့် အလား လူမဆန်သည့် အပြုအမူ ကျူးလွန်မှုများကို “အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ သောင်းကျန်းသူများကြောင့် နယ်မြေရှင်းလင်းရေး” စသည့် စကားလုံးများ အသုံးပြုပြီး တရားသယောင်ယောင် ဝါဒဖြန့်ခဲ့သည်။ ယနေ့အချိန်တွင်မူ သူတို့၏ သရုပ်မှန်သည် ပေါ်ပေါက်လာခဲ့ပြီး ဖြစ်သည်။ အထပ်ထပ်ဖုံးထားသည့် မျက်နှာဖုံးများသည်လည်း ကွာကျခဲ့ပြီး ဖြစ်သည်။ ပါးစပ်ဟလိုက်သည်နှင့် အလိမ်အညာများနှင့် လုပ်ဇာတ်များသာ ထွက်လာမည့် သိုးရေခြုံထားသည့် ဝံပုလွေကို စကားပြောခွင့်ပင် မပေးသင့်တော့ပါ။ ဝံပုလွေကို လှောင်အိမ်တွင်း၌သာ ထားသင့်သည်။ ဝံပုလွေကို စကားပြောခွင့် ပေးလိုက်ခြင်းသည် မိမိကိုယ်ကို မကာကွယ်နိုင်သည့် သိုးကလေးများကို စားခွင့်ပေးလိုက်သလို ဖြစ်ပေလိမ့်မည်။

Human Rights and Freedom of Religion or Belief Inducting Workshop ပြုလုပ်

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနသည် “Human Rights and Freedom of Religion or Belief Inducting Workshop” ကို ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၆ ရက်အထိ ပြုလုပ်ခဲ့သည်။ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သောအဆိုပါ သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနနှင့် မိတ်ဖက်အရပ်ဖက်အဖွဲ့အစည်းမှ သင်တန်းဆရာ၊ ဆရာမများသည် လူ့အခွင့်အရေးနှင့် ဘာသာရေးလွတ်လပ်ခွင့်များကို စာသင်ခန်းများတွင် ပြန်လည်သင်ကြားမှုနှင့် ပတ်သက်ပြီး CDM ဆရာ၊ ဆရာမများကို ပို့ချခဲ့ခြင်းဖြစ်သည်။